မွေးကင်းစ ကလေးငယ်များတွင် အောက်ဖော်ပြပါ
အန္တရာယ်လက္ခဏာများမှ တစ်ခုခု ကြုံတွေ့ပါက နီးစပ်ရာဆေးရုံ၊
ဆေးခန်း၊ ကျန်းမာရေးဌာနသို့ နေ့ညမဆိုင်း ချက်ချင်းပြပါ။



- ချက်မှ သွေးထွက်လျှင် (သို့မဟုတ်) ချက်ပတ်လည် အရေပြားနီရဲလျှင် (သို့မဟုတ်) ချက်မှ ပြည်ထွက်လျှင်



- ကလေးအလွန်သေးငယ်လျှင်
- သန္ဓေပတ်မစေ့မီ မွေးသော ကလေးဖြစ်လျှင်
- အသားဝါလျှင်



- မျက်စိမှ ပြည်ထွက်လျှင်

မွေးဖွားပြီး မိခင်များနှင့် မိသားစုဝင်များသည်
အန္တရာယ်လက္ခဏာများကို သိရှိစေရန် လေ့လာထားပါ။

မွေးကင်းစ ကလေးငယ်များတွင် အောက်ဖော်ပြပါ
အန္တရာယ်လက္ခဏာများမှ တစ်ခုခု ကြုံတွေ့ပါက နီးစပ်ရာဆေးရုံ၊
ဆေးခန်း၊ ကျန်းမာရေးဌာနသို့ နေ့ညမဆိုင်း ချက်ချင်းပြပါ။

- လှုပ်ရှားမှု မရှိလျှင် (သို့မဟုတ်) လှုံ့ဆော်မှုရှိမှသာ လှုပ်ရှားလျှင်
- ပျော့ဖတ်ခြင်း၊ တောင့်တင်းခြင်းရှိလျှင်
- အလွန်ဖြူဖျော့လျှင်
- ခြေလက်များကောင်းစွာ မလှုပ်ရှားလျှင်





- အရေပြားပေါ်တွင် (၁၀)ဖုထက်များသော ပြည်ဖုလေးများ/ ပြည်ဖုကြီးများ ပေါက်လျှင်




မွေးဖွားပြီး မိခင်များနှင့် မိသားစုဝင်များသည်
အန္တရာယ်လက္ခဏာများကို သိရှိစေရန် လေ့လာထားပါ။

World Health Organization
Myanmar

# မွေးကင်းစကလေး ပြုစုစောင့်ရှောက်ပေး



မီးတွင်းမိခင် ကျန်းမာရေးစောင့်ရှောက်ရန်
အရေးကြီးသကဲ့သို့ မီးတွင်းကာလတွင်
မွေးကင်းစကလေးကိုလည်း
စောင့်ရှောက်မှုပေးရန် လိုအပ်ပါသည်။

## မွေးကင်းစကလေး ပြုစုစောင့်ရှောက်ပေး



- ကလေးကို နွေးနွေးထွေးထွေး ထားပါ။



- မွေးပြီး နာရီဝက်အတွင်း စောနိုင်သမျှ စောစွာ မိခင်နို့ တိုက်ကျွေးပါ။
- နို့ဦးရည်တိုက်ပါ။ ညှစ်မပစ်ပါနှင့်။



- မွေးစမှ ကလေးအသက် (၆)လ ပြည့်သည်အထိ မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးပါ။
- ရေအပါအဝင် မည်သည့်အရည်မှ မတိုက်ကျွေးပါနှင့်။

## မွေးကင်းစကလေး ပြုစုစောင့်ရှောက်ပေး



- ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်အတိုင်း ကာကွယ်ဆေးထိုးပါ။

- ကလေး၏ ချက်ကို သန့်ရှင်းစွာထားပါ။
- ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း၏ ညွှန်ကြားချက်မပါဘဲ ကလေး၏ချက်ထဲသို့ မည်သည့်အရာမျှ မထည့်ပါနှင့်။
- ချက်ကြွေပြီးမှ ရေချိုးပေးပါ။



- ကလေးအား သန့်ရှင်းသော အဝတ်သာ ဝတ်ဆင်ပေးပါ။

**မွေးကင်းစ ကလေးငယ်များတွင် အောက်ဖော်ပြပါ အန္တရာယ်လက္ခဏာများမှ တစ်ခုခု ကြုံတွေ့ပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ နေ့ညမဆိုင်း ချက်ချင်းပြပါ။**

- အသက်ရှူမြန်လျှင်/ ခက်ခဲလျှင်၊ ညည်းလျှင်၊ နှုတ်ခမ်းနှင့် လျှာပြာနမ်းလျှင်
- အသက်ရှူသွင်းစဉ် နှာခေါင်းဝ လှုပ်ရှားမှုများရှိလျှင်
- အသက်ရှူသွင်းစဉ် ရင်ဘတ်အောက် ချိုင့်ဝင်လျှင်





- တက်လျှင်၊ မှိန်း၍ နှိုးရခက်လျှင်
- နို့လုံးဝမစို့လျှင်၊ နို့တိုက်ရ ခက်ခဲလျှင်၊ (၂၄)နာရီအတွင်း နို့စို့မှု (၅)ကြိမ်အောက်နည်းလျှင်
- ဖျားလျှင် (သို့မဟုတ်) ကိုယ်အေးစက်လျှင်

**မွေးဖွားပြီး မိခင်များနှင့် မိသားစုဝင်များသည် အန္တရာယ်လက္ခဏာများကို သိရှိစေရန် လေ့လာထားပါ။**